# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ၂၂ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော်  ၁  ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ  ၂၅  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေ အခန်း(၅)ပါ အထူးကုန်စည်ခွန်၊ အခန်း(၆)ပါ ကုန်သွယ်လုပ်ငန်းခွန်နှင့် စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

(ဂ) ဤဥပဒေ အခန်း (၇)ပါ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍-

(၁) ဤဥပဒေပုဒ်မ ၁၉ ပါ  လစာမှဝင်ငွေနှင့် ပုဒ်မ ၂၄ တို့ပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(၂) ကျန်ပြဋ္ဌာန်းချက်များသည်  ၂၀၁၆-၂၀၁၇  ဝင်ငွေနှစ်မှစ၍  အကျိုးသက်ရောက် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **အခွန်အကောက်** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံ သည့် အခွန်အကောက်ကို ဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန် အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကိုဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကိုဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကိုဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

## အခန်း(၂)
## ကောက်ခံရန်အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ဖြစ်သည်။

## အခန်း(၃)
## အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက် အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)ပါအခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

## အခန်း(၄)
## သက်ဆိုင်ရာဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံ စီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်ဝင်ငွေခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် လိုအပ်ပါက ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကိုရယူနိုင်သည်။

## အခန်း(၅)
## အထူးကုန်စည်ခွန်

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

### အထူးကုန်စည်များ

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်ဖြစ်လျှင် အခွန်ကိုကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းအရ အခွန်ကျသင့်စေရမည်-

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက် ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ကျပ် ၄၀၀ အထိအဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၃ ကျပ် |

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက် ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | ( ခ ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၄၀၁ ကျပ်မှ ကျပ် ၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၈ ကျပ် |
| | ( ဂ ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၆၀၁ ကျပ်မှ ကျပ် ၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၂ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၈၀၁ ကျပ်နှင့် အထက်အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၁၅ ကျပ် |
| | ( င ) စီးကရက်အမျိုးမျိုး (ပြည်ပမှတင်သွင်းခြင်းဖြစ်လျှင်) | ကုန်းပေါ်ရောက် တန်ဖိုး၏ | ၁၂၀ % |
| ၂။ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃။ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄။ | ဆေးပေါ့လိပ်။ | | ၆၀ % |
| ၅။ | ဆေးပြင်းလိပ်။ | | ၆၀ % |
| ၆။ | ဆေးတံသောက်ဆေးများ။ | | ၆၀ % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၆၀ % |
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် ၅၀၀ အထိ ဖြစ်လျှင် | တစ်လီတာ ၅၆ ကျပ် |
| | ( ခ ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၅၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၉ ကျပ် |
| | ( ဂ ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ်မှ ကျပ် ၁၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၁ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၄ ကျပ် |

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက် ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (င) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၀၆ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၅၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၁၉ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၁ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၅၀၁ ကျပ်မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၄၄ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၄၀၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၁၃ ကျပ် |
| | (ည) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၃၈ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ်မှ ကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752605